## ကိုဗစ် (၁၉) ကပ်ဆိုးကြီးကာလ၌ ချစ်ခြင်းဖြင့်အစေခံရန်ရဟန်းမင်းကြီး ဖရန်စစ်က မေတ္တာပန်းပွဲ တနင်္ဂနွေနေ့မစ္ဆားတရားအတွင်းဟောကြား

ရဟန်းမင်းကြီးဖရန်စစ်သည်မေတ္တာပန်းပွဲတနင်္ဂနွေနေ့၏မစ္ဆားတရားကို စိန့်ပီတာဘုရား ကျောင်းတော်ကြီးအတွင်း၌ပူဇော်ခဲ့သည်။ယခုကြုံနေရသောရောဂါဆိုးကြီးကြောင့်လူစုလူဝေးမပြုလုပ်ရန်ကြေငြာထားသော ကြောင့် အခါကြီးရက်ကြီးဖြစ် သော်လည်းမစ္ဆားတရား၌ ပါဝင်ပူဇော်သူ အနည်း ငယ်မျှနှင့် ကျင်းပခဲ့ရသည်။ယခုကဲ့သို့သောရက်ကြီး အခါကြီးများအနက်တစ်ရက်ဖြစ် သည့်မေတ္တာပန်းပွဲ တနင်္ဂ နွေနေ့၌ မစ္ဆား တရားကိုစိန့်ပီတာဘုရားကျောင်း တော်ကြီးထဲ၌ဘာသာတူများမပါဘဲ ရဟန်းမင်း ကြီး တစ်ပါး တည်း သာပူဇော်ရသည့်အဖြစ်သည်သမိုင်း၌ပထမဦးဆုံးဖြစ်ပေမည်။အဘယ် ကြောင့်ဆို သော် ကိုဗစ် (၁၉) နှင့်ပတ် သက်၍ထုတ်ပြန်ကြေငြာချက်ကိုလေးစားလိုက်နာသောကြောင့်ဖြစ်သည်။ ရဟန်း မင်းကြီး၏ မေတ္တာ ပန်းပွဲ တနင်္ဂနွေနေ့မစ္ဆားကိုဘာသာတူသန်းနှင့်ချီ၍ရုပ်သံ၊ ရေဒီယို၊ အင်တာနက် လိုင်းများမှ ကြည့်ရှုပါဝင်ခဲ့ကြသည်။

ဘုရားသခင်သည်ကျွန်ုပ်တို့အားအစေခံသည်။မစ္ဆားတရားအတွင်းမြွတ်ကြားသောဩဝါဒ၌ရဟန်းမင်းကြီးကတနင်္ဂနွေနေ့၏ဒုတိယကျမ်းစာ ဖြစ်သောရှင်ပေါလု၏ဖိလစ်ပိမြို့ သားများထံရေးသားသောစာ (၂၀:၇) 'အစေခံ၏အသွင်ကိုဆောင်ပါ' ဟူသောကျမ်းချက်အပေါ်အခြေခံ၍ယေဇူးသခင် သည်ဘုရားဖြစ် သော်လည်း ထိုဘုန်းတော်တစ်ခုမျှမပါဘဲလောကကြီးသို့ကြွလာခဲ့ကြောင်း၊ တမန်တော်ကြီး၏ တရားစကား ကို ကျွန်ုပ် တို့ အားလုံး၏လမ်းပြအ ဖြစ်ဦး ဆောင်စေပြီး၊ ဘုရား၏နှုတ် တော်ထွက် စကားဖြစ် သောယေဇူး သခင် သည် အစေခံအဖြစ်ခံယူသကဲ့ သို့၊ ကျွန်ုပ်တို့လည်းသူကဲ့သို့ခံယူရှင်သန် ရမည် ဖြစ်ကြောင်း၊ တစ်ခါတရံ ကျွန်ုပ်တို့သည်ဘုရားသခင်ကိုအစေခံ သည်ဟုဂုဏ်ယူနေတတ်သည်။ အမှန်မှာ သူ သည် ကျွန်ုပ် တို့အားလွတ်လပ်စွာအစေခံရန်ဤလမ်းစဉ် ကိုရွေးချယ်ခဲ့ကြောင်း၊ သူသည်ကျွန်ုပ်တို့ကို ဦးစွာ ချစ်ခဲ့ကြောင်း၊ သူ၏အသက်ကိုစွန့်၍ကျွန်ုပ်တို့ကိုအစေခံ ခဲ့ကြောင်း၊ ဤ အမှုကိုနှိမ့်ချခြင်း၊ စိတ်ရှည် ခြင်း၊ အစေခံ တစ်ဦး၏နာတောင်ခြင်းဖြင့်ပြုလုပ်ခဲ့ကြောင်း၊ ချစ်ခြင်းသက်သက်ဖြင့်ပြုလုပ်ခဲ့ကြောင်း၊ ယေဇူး သခင် သည်အလွန်နာကြင်စေသည့်ချစ်ခြင်းဖြစ်သည့် မိမိချစ်သောသူ၊ လှည့်စားသူ၊ စွန့်ပစ် သူများ ကိုချစ်သော နာကြင်မှုကိုပေးသည့်ချစ်ခြင်းဖြင့် ချစ်ခဲ့သည်။

**သစ္စာဖောက်ခံခဲ့ရ**

ယေရှုးသခင်ခံရသော ကားတိုင်လမ်းသည် သူ့အားငြင်းပယ်သောတပည့်တော် အရင်းတစ်ပါး၏ ရောင်းစားခဲ့ခြင်းကြောင့်ကြုံခဲ့ရသည်။ ထို့အတူယေရှုးသခင်သည်ဟိုဇန်းနာဟုအုန်းခက်အုန်းလက်များ ကိုင်ဆောင်မြောက်ပင့်ကြိုဆိုသောလူထု၏သစ္စာဖောက်ခြင်းကိုခံခဲ့ရသည်။ ထိုသို့သောင်းသောင်းဖြဖြ ကြိုဆိုပြီးရက်များမကြာမီသူကိုလက်ဝါးကပ်တင်ပါဟုဟစ်အော်တောင်းဆိုခဲ့သည်။ကျွန်ုပ်တို့ဘဝ၌လည်းသစ္စာဖောက်ခြင်းကိုခံကြရသည်။ သစ္စာဖောက်မှုသည်စိတ်ဓာတ်ကျမှုကို ဖြစ်ပေါ်စေတတ်သည်။ ထိုသို့ဖြစ်ပေါ်လာမှုသည်ဘဝကိုအဓိပ္ပါယ်မဲ့လာစေတတ်သည်။ အဘယ်ကြောင့် ဆိုသော် လူသည် ချစ်ခြင်းကို ခံရန်မွေးဖွား လာခဲ့ခြင်းဖြစ်သည်။ အဆိုး၊ မကောင်း မှု၊ အချင်းချင်းစိတ်ဝမ်း ကွဲပြားရန်မွေးဖွားလာခဲ့သည်မဟုတ်။

**ကုစားခြင်း**

ကျွန်ုပ်တို့သည်မိမိကိုယ်မိမိရိုးသားကြမည်ဆိုလျှင် ကျွန်ုပ်တို့၏သစ္စာမရှိမှုကိုမြင်တွေ့လာရပေ မည်။ မှားယွင်းမှု၊ ဟန်ဆောင်မှု၊ လှေနံ နှစ်ဖက်နင်းခြင်းစသည်တို့ဖြစ်သည်။ ဤသို့ဖြစ်ခြင်း သည်သစ္စာ မတည်ကြည်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အဘယ်မျှအားနည်းသည်၊ အဘယ်မျှ မပြတ်မသားဖြစ်တတ်သည်၊ အကြိမ်မည်မျှလဲကျခဲ့သည်၊ လဲကျရာမှပြန်လည်ရုန်းထသည်မှာအဘယ်မျှခက်ခဲသည်၊ နာကျင် ခံစားရသော ဒဏ်ရာများကိုကုစားရာ၌အဘယ်မျှခက်ခဲသည်ကိုကိုယ်တော်ရှင်ကောင်းစွာသိသည်။ ဤအခြေ အနေများ အားလုံးကိုလစ်လျူရှုပြီး၊ ယေရှုးသခင်သည်လူတို့ကိုကူညီရန်ကြွရောက်လာ ခဲ့သည်။ သူသည် ကျွန်ုပ် တို့၏သစ္စာမရှိခြင်းကိုခံယူပြီး၊ ကျွန်ုပ်တို့အားအစေခံသည်။ ကုသပေးသည်။ ကျွန်ုပ်တို့ သည်သစ္စာမ တည်ကြည် ဘဲ ဘုရားသခင်ကိုဖောက် လွှဲဖောက်ပြန်ပြုလုပ်မည်ကိုစိုးရိမ်နေမည့်အစား၊ ကား တိုင်တော် ကိုမောကြည့်နိုင်ပြီ။ သူ၏နွေးထွေးသောပွေ့ဖက်ခြင်းကိုခံစားနိုင်ပြီ။ ထို့ကြောင့်ယေ ရှုးသခင်ကိုကိုယ် တော်သည်ကိုယ်တော်၏ချစ်ခြင်း၌တပည့်တော်အားအစေခံသည်။ တပည့်တော်တို့ အား ဆက်လက် ထောက်ပင့်ပေးနေသည်။ ထို့ကြောင့်ကိုယ်တော့်ကိုပို၍နီးစပ်စွာနေနိုင်ရန်အားထုတ်ပါ မည်။

**စွန့်ပစ်ခြင်း**

မေတ္တာပန်းပွဲတနင်္ဂနွေနေ့၏ဝေဝေလိကျမ်းကိုကြည့်မည်ဆိုလျှင် ကားတိုင်ပေါ်၌ယေရှုးသခင်မိန့် မြွက်ကြား ခဲ့သောဆုတောင်းဖြစ်သည် 'အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား၊ အဘယ်ကြောင့်ကျွန်ုပ် ကိုစွန့်ပစ် တော်မူပါသနည်း' ကိုရဟန်းမင်းကြီးထောက်ရှုသည်။ (ရှင်မာတေဦး ၂၇း၄၆) သူ၏အနီးကပ် တပည့်

တော် ကြီး များပင်ထွက်ပြေးတိမ်းရှောင်သွားကြသည်။ ခမည်းတော်ဘုရားတစ်ပါးတည်းသာလျှင် ကျန် ရစ် သည်။ ယေရှုးသခင်ပင်လျှင်၍ဒုက္ခလမ်းပေါ်၌လျှောက်သည့်အခါကျွန်ုပ်တို့ဘဲမဟုတ်။ ယေရှုး သခင် ပင်လျှင် လုံးဝစွန့်ပစ်ခံသည့်နယ်ခံစားရ သည်ကိုဤ ဆုတောင်းကပြသနေသည်။ ဤအခြေအ နေများဖြစ် ပျက် လျှောက်လှမ်းခဲ့ရသည်မှာကျွန်ုပ်အတွက်၊ ကျွန်ုပ်တို့ကိုအစေခံရန်ဖြစ် သည်။ 'ကျွန်ုပ် သည် သင် တို့နှင့် နီးကပ်စွာနေနိုင်ရန်အတွက် ဤအထီကျန်ဆန်ခြင်းကိုခံစားခဲ့သည်။' ဤသို့ခံ စားခဲ့သည် မှာ ယေ ရှုး သခင်သည်ကျွန်ုပ်အတွက်၊ သင့်အတွက်ခံထမ်းခဲ့ခြင်းဖြစ်သည်။

### နှစ်သိမ့်ခြင်း

ရဟန်းမင်းကြီးသည်ရောဂါကပ်ဆိုးကြီး၏အရေးကြီးအခြေအနေအပေါ်၌လည်းအောက်ပါအတိုင်းမြွက် ကြား ခဲ့သည်။ ယနေ့ရောဂါကပ် ဆိုးကူးစက်ပျံ့နှံ့ချိန်၌ သွင်ပြင်အမျိုးမျိုးဖြင့်ဝင်ရောက်လာ သော မမှန် ကန် သည့်လုံခြုံမှုများသည် ဖြိုချဖျက်ဆီးခြင်းခံနေရသည်။ သွင်ပြင်အမျိုးမျိုးရှိမျှော်လင့် ချက်များ သည် လည်း လှည့်စားခံနေကြရသည်။ စွန့်ပစ်ခြင်းခံရသည့်အသိ၌ကျွန်ုပ်တို့သည်ဝန်လေးပင်ပန်းနေကြသည်။ ထိုအ ခြေ အနေ၌ယေရှုးသခင်က ' သတိတိရှိပါ။ သင်တို့နှလုံးသားကိုကျွန်ုပ်၏ချစ်ခြင်း၌ဖွင့်ဟပါလော့။ သင်တို့အား ဆက်လက်ကာကွယ်မည့်ဘုရားသခင် ၏နှစ်သိမ့်ခြင်းကိုခံရမည်။' ကျွန်ုပ်တို့ သည်အခြား သူများအား အစေခံ၏ ကြေကွဲဖွယ်ကြုံတွေ့နေရသော လက်ရှိအခြေအနေသည် အလေး အနက် ထားရ မည့် အရာကိုအ လေးအနက်ထားတတ်ရန်နှင့်အရေး မ ကြီးလှသောအရာများ၌ဗျာများ၊ ပိတ် လှောင်မ နေ မိကြ ရန်ဖြစ် သည်။ ကျွန်ုပ်တို့၏မရှိသောအရာများကိုသာတွေးတောပူပန်မနေဘဲ၊ အကူအညီ လိုအပ် သောတစ်ပါးသူ ကျွန်ုပ်တို့အားမည်သို့ကူညီနိုင်မည်ကိုသာအဓိကဆင်ခြင်စေလိုသည်။ မိသားစု၊ လူမှုအ သင်း အဖွဲ့များ တွင်ချစ်ခြင်း၊ ဆု တောင်းခြင်း၊ ခွင့်လွှတ်ခြင်း၊ တစ်ပါးသူ အားဂရု စိုက်ခြင်း သည်ခက် ခဲနိုင်ပေ မည်။ သို့ သော်လိုအပ်သူများအားအစေခံခြင်းသည်အောင်မြင်ခြင်းနှင့် အသက်ပေး သောလမ်း စဉ်ဖြစ် သည်။ ဤလမ်းစဉ်ဖြင့်သူတစ်ပါးကိုကယ်တင်နိုင်သည်။

**ချစ်ခြင်း၏စိန်ခေါ်မှုအား အသင့် ဟုပြန်လည်ဖြေဆိုပါ။**

ရဟန်းမင်းကြီးသည်လူငယ်များအားလည်းမြွက်ကြားခဲ့သည်။ အဘယ်ကြောင့်ဆိုသော်မေတ္တာ ပန်းပွဲတနင်္ဂနွေနေ့ သည်ကမ္ဘာ့လူငယ် များနေ့ကျင်းပလာခဲ့သည့် (၃၅) နှစ်ပြည့်သည့်နေ့အဖြစ်သတ်မှတ် ကျင်းပစေသော နေ့လည်းဖြစ်သည်။ ကျော်ကြားပြီး၊ ချမ်းသာသော၊ အောင် မြင်သောသူများကိုမဟုတ်။ စစ်မှန်သောသူရဲ ကောင်းအကြောင်းကိုဆင်ခြင်ရန်၊ သူတစ်ပါးကိုအစေခံရန်အတွက်မိမိတို့၏အသက်ကို မငဲ့ဘဲဆက်ကပ်သောသူများအကြောင်းကိုဆင်ခြင်ရန်၊ ရဟန်းမင်းကြီးသည်သူ၏စကားအဆုံး၌ 'သင်တို့သည်လည်း ဤ လမ်းကြောင်းပေါ်သို့အခေါ်ခံရ သည်ဟုခံစားကြပါ။ သင်တို့ကိုယ်သင်တို့ဘုရား ကို လည်းကောင်း၊ အခြားသူများကိုလည်းကောင်း ဆက်ကပ်ရန်မကြောက်ကြနှင့်။ ဆက်ကပ် ခြင်း၏ အကျိုးကို ခံစားရမည်။ ဘဝသည်လက်ဆောင်မွန်ဖြစ်သည်။ ပေးကမ်းတတ်မှသာရရှိကြသည်။ ကျွန်ုပ်တို့ ၏ အ နက်ရှိုင်းဆုံးပျော်ရွှင်မှုသည် ချစ်ခြင်းကိုအခြေအနေပေါ်မူတည်၍မတင်မကျပြောဆိုခြင်းမဟုတ်ဘဲ၊ အ သင့်ပါ ဟုပြောဆိုဖြေကြားခြင်းမှသာရရှိနိုင်သည်။ ယေဇူးသခင်သည် ကျွန်ုပ် တို့အတွက် ဤသို့ပြု လုပ်ခဲ့ သည်' ဟု တိုက်တွန်းခဲ့ပါသည်။

ဖာသာရ်ကလဲမင့် အားတယ်

ဘာသာပြန်